မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 24 , 2025 — Volume 87, Number 15

၂၄.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၀.၃၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၄၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၀၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၆.၆၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်းသကြားထုတ်လုပ်မှု ပုံမှန်ရှိသော်လည်း ပြည်တွင်းသကြားစားသုံးမှု လျော့ကျနေ



ပြည်တွင်းသကြားစက်များ၏ ပုံမှန်ထုတ်လုပ်မှုရှိသော်လည်း ပြည်တွင်းသကြားထုတ်လုပ်မှုမှာလျော့ကျနေသောကြောင့် သကြားဈေးမှာလည်း အနည်းငယ်ကျဆင်းနေကြောင်း သိရသည်။

သကြားစက်များလည်ပတ်နေသည်မှာ နှစ်လနီးပါးရှိလာပြီး ပုံမှန်ထုတ်လုပ်နိုင်သောကြောင့် ယခုနှစ်တွင် တန်ချိန် ၅ သိန်းခန့် ထွက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားပြီး နှစ်စဉ် ပြည်တွင်းသကြားစားသုံးမှုမှာ တန်ချိန် ၃ သိန်း ကျော်ခန့်ရှိရာ ပြည်တွင်း၌ ပိုလျှံသကြားများတန်ချိန် ၂ သိန်းခန့် ရှိနိုင်ကြောင်း သကြားကုန်သည်များက သုံးသပ်ထားသည်။

“ သကြားစက်တွေလည်နေတာ နှစ်လနီးပါးရှိနေပါပြီ။ စက်ရုံနယ်မြေအလိုက် ကြံအားလုံးကြိတ်ဝါးနိုင်အောင် လည်ပတ်သွားမှာပါ။ နှစ်စဉ် ပုံမှန်သကြားထွက်နှုန်းက တန်ချိန် ၅ သိန်း ခန့်ရှိပါတယ်။ ပြည်တွင်းစားသုံးမှုက တန်ချိန် ၃ သိန်းကျော် ရှိပါတယ်။ ပိုလျှံသကြားတွေကို နိုင်ငံခြားတင်ပို့လေ့ရှိပေမဲ့ လက်ရှိမှာ ပြည်တွင်းသကြားဈေးထက် နိုင်ငံတကာသကြားဈေးကကျဆင်းနေတော့တင်ပို့နိုင်ခြင်းမရှိသေးပါဘူး။ဒီတော့ ပြည်တွင်းမှာ သကြားပိုလျှံမှုများပြီး ဈေးအနည်းငယ်ကျဆင်းနေတာပါ။လက်ရှိသကြားပေါက်ဈေးက တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ခန့် ရှိပါတယ်။ ဒီဈေးထက်တော့ ဆက်လက်ကျဆင်းစရာမရှိပါဘူး”ဟု သကြားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

၂၀၂၅ ခုနှစ် ကြံရာသီတွင် သကြားစက်များ ဇန်နဝါရီလဆန်းပိုင်းက စတင်လည်ပတ်ထုတ်လုပ်နေပြီး ပြည်တွင်းသကြားဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀– ၅၁၀၀ ပေါက်ဈေးရှိနေရာမှ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ငွေကျပ် ၄၇၀၀– ၅၀၀၀ ပေါက်ဈေးဖြစ်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ခန့် ဈေးကျဆင်းသွားသည်။

ပြည်တွင်းသကြားသုံးစွဲမှုမှာလည်း လျော့ကျနေပြီး ပြည်ပတင်ပို့နိုင်မှုလည်းမရှိသေးချိန်ဖြစ်သည်။ လက်ရှိနိုင်ငံခြား တင်ပို့နိုင်ခြင်း မရှိခြင်းမှာ ပြည်ပသကြား စျေးကျဆင်းနေခြင်းကြောင့် ဖြစ်သည်။

ယခင်နှစ်ကလည်းသကြားတန်ချိန် ၅ဝ,ဝဝဝ-၆ဝ,ဝဝဝခန့်သာတင်ပို့နိုင်ခဲ့ပြီးနိုင်ငံတကာသကြားပေါက်စျေးမှာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄ဝ ခန့်သာပေါက်စျေးရှိနေပြီးပြည်တွင်းသကြားပေါက်စျေးထက်လျော့ကျနေခြင်းဖြစ်ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ဆန်ကွဲB(1,2)၊ ဖွဲနုစျေးများကျ၍ ၊ ဧည့်မထဆန် (ဟောင်း/သစ်)၊ ဆန်ကွဲB(2,3,4)စျေးမြင့်တက်ကာ ပေါ်ဆန်းမွှေးဆန်(ဟောင်း/သစ်)စျေးများတည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့်သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ ဆန်နှင့်ဆန်ကွဲဖွဲနုစျေးများအတက်အကျ ဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၁၄.၂.၂ဝ၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနော်သုခ)(ဟောင်း)တစ်အိတ်၈ဝ,ဝဝဝကျပ်၊ဧည့်မထဆန်(မနော်သုခ)(သစ်)တစ်အိတ်၇ဝ,ဝဝဝကျပ်၊ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃ဝ,ဝဝဝကျပ်၊ ပေါ်ဆန်းမွှေးဆန် (သစ်)တစ်အိတ် ၁၁ဝ,ဝဝဝကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၅ဝဝဝဝ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၃ဝဝဝကျပ်နှင့် ဖွဲနုတစ်အိတ် ၂၁ဝဝဝကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၂၁.၂.၂ဝ၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနော်သုခ)(ဟောင်း) တစ်အိတ် ၈၅ဝဝဝကျပ်၊ ဧည့်မထဆန် (မနော်သုခ) (သစ်) တစ်အိတ် ၇၅,ဝဝဝကျပ်၊ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃ဝ,ဝဝဝကျပ်၊ ပေါ်ဆန်းမွှေး ဆန်(သစ်)တစ်အိတ် ၁၁ဝ,ဝဝဝကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၈,ဝဝဝကျပ်၊ဆန်ကွဲ B(2,3,4)တစ်အိတ် ၄၅,ဝဝဝကျပ်နှင့် ဖွဲနုတစ်အိတ် ၂ဝ,၇ဝဝကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနော်သုခ)(ဟောင်း) တစ်အိတ် ၅ဝဝဝ ကျပ်၊ ဧည့်မထဆန် (မနော်သုခ)(သစ်)တစ်အိတ် ၅ဝဝဝကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၂ဝဝဝကျပ် စျေးတက်၍ ဆန်ကွဲB(1,2)တစ်အိတ် ၂ဝဝဝကျပ် နှင့် ဖွဲနုတစ်အိတ် ၃ဝဝကျပ် စျေးကျဆင်းကာ ပေါ်ဆန်းမွှေးဆန်စျေးများ တည်ငြိမ်လျက်ရှိသည်။

ဆန်ကွဲB(1,2)နှင့် ဖွဲနုတို့ စျေး ကျသွားခြင်းမှာ ကုန်ကြမ်းများကာဝယ်လိုအားနည်းခြင်းကြောင့် စျေးကျဆင်းသွားခြင်းဖြစ်ပြီး ဧည့်မထဆန် (မနော်သုခ) (ဟောင်း) ၊ဧည့်မထဆန် (မနော်သုခ)(သစ်)နှင့် ဆန်ကွဲB(2,3,4)စျေးများမြင့်တက်သွားခြင်းမှာ အဝယ်လိုက်လာခြင်းတို့ကြောင့်ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၇-၂-၂ဝ၂၅ မှ ၂၁-၂-၂ဝ၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်စျေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) စျေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၃၂,ဝဝဝ၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၂၃၇,ဝဝဝ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၉၇ဝ,ဝဝဝ စျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၄၆,ဝဝဝ ၊ မတ်ပဲ SQ/RC (2024 Crop)ကျပ် ၅၁,ဝဝဝ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၉၈,ဝဝဝ စျေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆ဝဝ) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁ဝ လုံး (တန်ချိန် ၂၄ဝ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂ဝ) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁ဝ၈ဝ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၃ဝ လုံး (တန်ချိန် ၇၂ဝ) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄ဝ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၉,၀၀၀၊ မြားနီ ကျပ် ၈,၅၀၀ ၊ပန်းတနော်ရှည် ကျပ် ၃,၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၅,၀၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁၃,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၁,၅၀၀၊ မြားနီ ကျပ် ၅၀၀ ၊ဆင်ဖြူကျွန်း (ပု) ကျပ် ၂,၅၀၀ နှင့် မိုးထောင်မြစ်ဝပု ကျပ် ၁,၀၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀၀ (၇,၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ငရုတ်ရှည် အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၈၀၀ (၁၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ပု အိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၆၅၀၀၊ မန်ကျည်း အသား(သစ်) ကျပ် ၁၃,၀၀၀ နှင့် မန်ကျည်းသီး(ရမည်းသင်းဒါးဇင်း) ကျပ် ၅၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၇၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၁၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာ ကျပ် ၅၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၇-၂-၂၀၂၅ မှ ၂၁-၂-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၉၅၀၊ ဆိပ်ဖြူ လတ်ချော ကျပ် ၂၁၅၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၅၀၀၊ မြစ်သား လတ်ကြီး ကျပ် ၃၉၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၉၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၃၁၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၀၀၊ မြစ်သားလတ်ကြီး ကျပ် ၄၀၀ နှင့် မြစ်သားလတ်သန့် ကျပ် ၄၀၀ နှင့် မြစ်သား လတ်ချော ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၅၅ စီး (၉၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ)ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၄၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၉၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၀၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁,၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ် (ရှယ်) ကျပ် ၂၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၄ ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၈၀၀ (၅၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၄၀၀ (၇၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၆၀၀ (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူးကျပ် ၄၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၂၅ စီး (၁၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၆ စီး (၁၅၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကန့်ဘလူမြို့တွင်ရောင်းချနေသည့်စတော်ဘယ်ရီသီး ဈေးနှုန်း၊ ဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူမြို့ရှိ မြို့မဈေးနှင့် အသီးမျိုးစုံရောင်းချနေသည့်ဆိုင်များတွင် စတော်ဘယ်ရီသီးများကို လှိုင်လှိုင်ရောင်းချနေကြောင်း သိရသည်။

ရာသီပေါ်စတော်ဘယ်ရီများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့မှ ဝယ်ယူရောင်းချလျက်ရှိကြောင်း သိရသည်

စတော်ဘယ်ရီကို သွားရည်စာအဖြစ်လည်းကောင်း၊ ဖျော်ရည်အဖြစ်ပြုလုပ်၍လည်းကောင်း အများဆုံးစားသုံးကြကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ တ တိယပတ်အတွင်း စတော်ဘယ်ရီသီး ၂၅ ကျပ်သားလျှင် ၅၀၀၀ ကျပ်၊ စတော်ဘယ်ရီသီး ၁ ပိဿာလျှင် ၂၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လူကြီးလူငယ်မရွေး ကြိုက်နှစ်သက်သောကြောင့် ရောင်းအားကောင်းကြောင်း ကန့်ဘလူမြို့တွင်ရောင်းချလျက်ရှိသော သစ်သီးဆိုင်များမှ သိရသည်။

**Source : DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံ ကြက်သွန်နီများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌၂၀၂၄-၂၀၂၅ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၂ အုပ်စု၌ ဆောင်းကြက်သွန်နီစိုက်ဧက စုစုပေါင်း ၃၃၅၆ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ အရှေ့ကုန်း၊အုတ်ရစ်ကုန်း၊သုံးဆယ်ခြောက်၊ပင်းဝ၊မာန်မြေ၊ ကျမ်းကိုင်ကျွန်း၊ ဖောင်းကတော၊ ဘူးကျွန်း၊ ဖောင်းကွဲ၊ ရုံးဆိပ်ကျွန်း၊ ဝက်လွတ်၊ ဝတ်မစွတ် စသည့်ကျေးရွာအုပ်စု ၁၂ အုပ်စုတွင် ဆောင်းကြက်သွန်နီစုစုပေါင်း ၃၃၅၆ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

"ဆောင်းသီးနှံကြက်သွန်နီကို ဇန်နဝါရီလကစပြီးပင်းချောင်းတစ်လျှောက်မှာပင်းချောင်းရေကိုအမှီပြုစိုက်ပျိုးပါတယ်။ စိုက်ပြီးသုံးလအကြာမှာ ရိတ်သိမ်းရပါတယ်။မျိုးအနေနဲ့ရွှေနီမျိုးကိုစိုက်ပျိုးတယ်။ပျိုးစေ့တစ်ပြည်စိုက် စိုက်ခင်းတစ်ခင်းကနေ ကြက်သွန်နီပိဿာ ၁၅၀၀ ခန့်ထွက်ရှိပါတယ်။ လက်ရှိကြက်သွန်နီစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းနေပြီးသီးနှံပေါ်ချိန်မှာ အထွက်နှုန်းကောင်းဖို့နဲ့ဈေးကောင်းရဖို့မျှော်လင့်ပါတယ်"ဟုသုံးဆယ့်ခြောက်ကျေးရွာကြက်သွန်နီစိုက်တောင်သူတစ်ဦးကပြောပြသည်။

ရေနံချောင်းမြို့နယ်၌ စားဖိုဆောင်းသီးနှံဖြစ်သည့် ကြက်သွန်နီကို စီးပွားဖြစ်စိုက်ပျိုးကြသည့်အပြင် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် အခြားဟင်းသီးဟင်းရွက်များကိုလည်းမြေပဲ၊နှမ်းနေကြာစသည့်ဆီထွက်သီးနှံများကိုလည်းအဓိကစိုက်ပျိုးကြကြောင်းသိရသည်။

**Source: ကြေးမုံသတင်းစာ**

## ဗီယက်နမ်တွင်ပထမဆုံးပွဲထွက်လာခဲ့သည့် Geely Coolray




တရုတ်မော်တော်ကားထုတ်လုပ်သူ Geely Auto Group နှင့်ဗီယက်နမ်၏ Tasco JSC တို့၏ အမေရိကန် ဒေါ်လာ ၁၆၈ သန်းတန် ပူးပေါင်းဆောင်ရွက်မှု စတင်သည့်အနေဖြင့် Geely Coolray SUV အမျိုးအစားကားကို ဗီယက်နမ်ဈေးကွက်သို့ စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလက လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ မော်တော်ကားထုတ်လုပ်တပ်ဆင်သည့်စက်ရုံကို Thai Binh ပြည်နယ်၏ Tien Hai စက်မှုဇုန်တွင် တည်ဆောက်ရန်စီစဉ်ထားကြောင်း သိရသည်။

စက်ရုံ၏ပထမအဆင့်တွင် ၂၀၂၆ ခုနှစ်အစောပိုင်းမှစ၍ နှစ်စဉ်ကားအစီးရေ ၇၅,၀၀၀ ထုတ်လုပ်ရန်ရည်မှန်းထားကြောင်း Geely Vietnam သည် နိုင်ငံတဝှမ်း ကိုယ်စားလှယ် ၁၀၆ ခုနှင့် ဗီယက်နမ်ကားဈေးကွက်ဝေစု၏ ၁၃ ဒသမ ၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့် Tasco ၏အားကောင်းသောဖြန့်ချိရေးကွန်ရက်ကိုအသုံးချနိုင်ရန် မျှော်လင့်ထားကြောင်း၊ ထိုပူးပေါင်းဆောင်ရွက်မှုသည် Geely ၏ထုတ်ကုန်များဗီယက်နမ်သုံးစွဲသူများထံသို့ ပိုမိုနီးကပ်စွာရောက်ရှိရန်နှင့်ဈေးကွက်ရောက်ရှိမှုတိုးချဲ့ရန် ရည်ရွယ်ကြောင်း သိရသည်။

ဗီယက်နမ်ဈေးကွက်သို့ ယခုဝင်ရောက်လာသည့် Geely Coolrayသည်နိုင်ငံ ၅၀ ကျော်တွင် အစီးရေတစ်သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ၎င်းအမျိုးအစားသည် အယ်ဂျီးရီးယားနိုင်ငံတွင် အရောင်းရဆုံးကားအမျိုးအစားအဖြစ် ရပ်တည်နေပြီးကူဝိတ်နှင့်ပနားမားတို့တွင်ထိပ်ဆုံးသုံးခုတွင်ရပ်တည်နေကာယူအေအီးနိုင်ငံတွင် ရောင်းအား ၈၀ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုအောင်မြင်မှုများကြောင့် ဗီယက်နမ်တွင်၎င်းတို့၏အားကောင်းသောအလားအလာကိုရရှိနေကြောင်း ၊လွန်ခဲ့သည့်နှစ်တွင် Geely Auto သည် စံချိန်တင် ကားအစီးရေ ၂ ဒသမ ၁၇ သန်းရောင်းချခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ၃၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ပြည်ပသို့တင်ပို့မှုမှာ အစီးရေ ၄၀၃,၈၂၃ စီးရှိပြီး ၂၀၂၃ ခုနှစ်ကထက် ၅၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

TIR

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းကျော် တင်ပို့ရန်ရည်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းကျော် အဓိကအားဖြင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှ တင်ပို့ရန်ရည်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန(MARD) ကိုကိုးကား၍ဗီယက်နမ် သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန (MOIT) သို့ ပေးပို့သောMARD ၏အစီရင်ခံစာအရ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဆန်ဟက်တာ ၃ ဒသမ ၇၈ သန်းစိုက်ပျိုးနိုင်ပြီး တန်ချိန် ၂၃ ဒသမ ၉၆ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ စုစုပေါင်းစပါးတန်ချိန် ၁၅ ဒသမ ၀၈ သန်းနှင့်ညီမျှသည့် ကြိတ်ခွဲပြီး ဆန် ၇ ဒသမ ၅၄ သန်းကို တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆန်တင်ပို့မှုအစီအစဉ်တွင် အရည်အသွေးမြင့်ဆန်မွှေး တန်ချိန် ၅ ဒသမ ၆၅ သန်း (၇၅ ရာခိုင်နှုန်း)၊ ကောက်ညှင်းဆန် တန်ချိန် ၇၅၄,၀၀၀ (၁၀ ရာခိုင်နှုန်း) နှင့် အလတ်စားဆန်တန်ချိန် ၁ ဒသမ ၁၃ သန်း (၁၅ ရာခိုင်နှုန်း) ပါဝင်ကြောင်းသိရသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် တန်ချိန် ၄ ဒသမ ၅၃ သန်းတင်ပို့နိုင်မည်ဖြစ်ပြီး ကျန်နှစ်ဝက်တွင် တန်ချိန် ၃ သန်းကျော် တင်ပို့နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏စပါးစိုက်ပျိုးရေးယာသည် ၂၀၂၅ ခုနှစ်တွင်စုစုပေါင်းဟက်တာ ၇ သန်းရှိမည်ဟုမျှော်မှန်းထားပြီး စုစုပေါင်းထွက်ရှိမှုမှာ တန်ချိန် ၄၃ ဒသမ ၁၄ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

**Source: The Saigon Times**

**(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ဟန္နိုင်းမြို့)**

https://myantrade.gov.mm/

## တိုကျိုမြို့ရှိကွန်ဒိုအသစ်ဈေးနှုန်းများ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင်ကျဆင်းခဲ့



တိုကျိုမြို့ရှိ အသစ်တည်ဆောက်ထားသော ကွန်ဒိုများ၏ ပျမ်းမျှဈေးနှုန်းသည် ဇန်နဝါရီလတွင် ယန်း ၇၃ ဒသမ ၄၃ သန်း (အမေရိကန်ဒေါ်လာ ၄၈၃၇၅၇ ခန့်) သို့ ကျဆင်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၇ ဒသ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အိမ်ခြံမြေစီးပွားရေးအင်စတီကျူမှ ဖေဖော်ဝါရီ ၁၉ ရက်နေ့က ဖော်ပြခဲ့သည်။

ကျဆင်းမှုသည် တိုကျိုမြို့၏ရပ်ကွက် ၂၃ ခုတွင်ရှိသည့် တန်ဖိုးကြီးယူနစ် အရေအတွက် သိသိသာသာကျဆင်းခြင်းကြောင့်ဖြစ်သည်ဟု အစီအရင်ခံစာတွင် ဖော်ပြထားသည်။

အဆက်မပြတ်မြင့်မားသောဆောက်လုပ်ရေးကုန်ကျစရိတ်များကြားတွင်၊တိုကျိုမြို့၏ ၂၃ ရပ်ကွက်တွင်စတင်ရောင်းချသည့် ကွန်ဒိုအခန်းအသစ်အရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ၅၉ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသွားကာ ပျမ်းမျှဈေးနှုန်းကို ကျဆင်းစေသည်။

Tokyo၊ Kanagawa၊ Saitama နှင့် Chiba အပါအဝင် တိုကျိုမြို့တော်ဧရိယာရှိ ကွန်ဒိုအသစ်များ၏ စုစုပေါင်းထောက်ပံ့မှုမှာ အားနည်းလျက်ရှိသည်။ယခုနှစ်အစတွင် ရာသီအလိုက်ရောင်းချမှုခေတ္တရပ်နားထားသောကြောင့်ဇန်နဝါရီတွင်အလုံးရေ ၆၂၀ သာ ရောင်းချခဲ့ရပြီးဈေးကွက်သို့ရောက်ရှိလာသောအထပ်မြင့်ကွန်ဒိုများကဲ့သို့သောအကြီးစားပရောဂျက်များလည်း နည်းပါးလာကြောင်း သိရသည်။

တိုကျိုမြို့လယ်တွင် ကြီးမားသောဖွံ့ဖြိုးတိုးတက်မှုများစွာကို လာမည့်လများအတွင်းစတင်လုပ်ဆောင်ရန် စီစဉ်ထားသောကြောင့် ပျမ်းမျှဈေးနှုန်းများ ထပ်မံမြင့်တက်လာစေရန်လည်း အဆိုပါအင်စတီကျူမှ မျှော်လင့်ထားသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (24.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Feb, 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,884 (Shares) | 22,397,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,400 | 7,400 | 7,400 | 114 | 843,600 | 33,109,694 | 245,012 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 5,828 | 17,195,100 | 38,929,150 | 116,788 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 91 | 728,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 1,021 | 1,887,800 | 29,664,613 | 54,880 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,800 | 2,900 | 2,800 | 207 | 580,300 | 12,823,224 | 37,187 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 523 | 837,950 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 0 | 0 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 100 | 325,000 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 24th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.50 | -2.09 | -0.57% | 363.50 | 365.50 | 363.50 | 7,884 | 22,397,750 | 8 | 689,393 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 24th Feb. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,705 (Shares) | 22,008,150 (MMK) |

| MYANPIX | 363.93 ▼ 3.66 |
|---|---|
| Total Volume (shares) | 7,705 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,448 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,900 | ▼ 50 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |